**ပို့ကုန်/သွင်းကုန် ဆိုင်ရာထောက်ခံချက် ရယူဆောင်ရွက်ခြင်းနှင့်
စပ်လျဉ်းသည့်အသိပေးကြေညာချက်**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ တစ်သိန်း) အောက်တန်ဖိုးရှိ ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ပို့ကုန်/သွင်းကုန်ဆိုင်ရာ ထောက်ခံချက်ကို တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းအဖွဲ့ (ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့)တွင် ရယူဆောင်ရွက်လျက် ရှိပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ကျင့်သုံးဆောင်ရွက်မည့် SMART Program အရ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းအဖွဲ့(ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့)တွင် ရယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ပို့ကုန်/သွင်းကုန်ဆိုင်ရာ ထောက်ခံချက်ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့သာ တင်ပြသွားရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်